# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## ညွှန်ကြားချက်အမှတ် ( ၅ / ၂၀၂၀)

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်**

**၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်**

## အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများ လိုက်နာဆောင်ရွက်ရန်ကိစ္စ

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၄၁ ၊ ပုဒ်မခွဲ(ခ)၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၀၂ ၊ ပုဒ်မခွဲ(ခ)နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၂၈၂၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ တိုင်းဒေသကြီး(သို့) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာန၊နေပြည်တော်ကောင်စီတို့သည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Joint Operation)၊ လုပ်ငန်းလုပ်ပိုင်ခွင့်ရယူဆောင်ရွက်မှု (Franchise)၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public-Private-Partnership) အသွင်ဖြင့် အဆင်သင့်ဖြစ်စေရန် စီစဉ်မှုအတွက် ငွေပေးချေမှု (Availability Payment)၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ငန်းဆောင်ရွက် (Build-Own-Operate (BOO))၊ တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း (Built-Operate-Transfer (BOT))၊ တည်ဆောက်-လွှဲပြောင်း-ငှားရမ်း (Built-Transfer-Lease (BTL))၊ တည်ဆောက်-လွှဲပြောင်း-လုပ်ငန်းဆောင်ရွက် (Build-Transfer-Operate(BTO))၊ လုပ်ငန်းဆောင်ရွက်မှုနှင့်စီမံခန့်ခွဲမှု (Operation and Management (O & M)) နှင့် အခြားအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးအစားများ စသည့်နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်စာရင်းများ၊ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေဖြင့် အရင်းအနှီးများထည့်ဝင်ဆောင်ရွက်သော ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းများတွင် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်း လုပ်ကိုင်သူများအား စာရင်းစစ်အဖြစ် ခန့်အပ်ဆောင်ရွက်မှုများရှိပါသည်။

၃။ အထက်အပိုဒ်(၂)ပါ လုပ်ငန်းများ၌ မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများမှ ပြည်ထောင်စုစာရင်း

စစ်ချုပ်၏ ခွင့်ပြုချက်ရရှိထားပြီး စာရင်းစစ်အဖြစ် ဆောင်ရွက်မည်ဆိုပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတို့၏ ဥပဒေပါ ပြဋ္ဌာန်းချက်တို့အရ မိမိတို့ စစ်ဆေးရသည့်လုပ်ငန်း အမျိုးအစားပေါ်မူတည်၍ အောက်ဖော်ပြပါအချက်များနှင့်အညီ လိုအပ်သလို စစ်ဆေးအစီရင်ခံတင်ပြရန်ဖြစ်ပါသည် -

(က) စစ်ဆေးခြင်း

(၁) နှစ်ချုပ်စာရင်းများအား စစ်ဆေးရာတွင် အရေးပါမှု (Materiality) နှင့် စာရင်းစစ်အန္တရာယ် (Audit Risk) မြင့်မားသည့် အကြောင်းအရာ၊ ခေါင်းစဉ်များအား ရွေးချယ်စစ်ဆေးနိုင်ရေးအတွက် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ် (Internal Control System) လေ့လာစိစစ်အကဲဖြတ်ချက်အရ စာရင်းစစ်အန္တရာယ်ကြီးမားနိုင်သည့် အောက်ဖော်ပြပါခေါင်းစဉ်များ သို့မဟုတ် မစစ်ဆေးမီ ကြိုတင်ပြင်ဆင်မှုအဖြစ် အန္တရာယ်စိစစ်မှု (Risk Assessment) ပြုလုပ်မှုအရအရေးပါသည့် မှားယွင်းဖော်ပြချက်များ (Material Misstatement) ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် အန္တရာယ်နယ်ပယ် (Risk Area) များနှင့်စပ်လျဉ်းသည့် အကြောင်းအရာများအား လိုအပ်သလို အလေးပေးစစ်ဆေးနိုင်ရန် ပြည့်စုံလုံလောက်သည့် စာရင်းစစ်အစီအစဉ် ရေးဆွဲဆောင်ရွက်ရန်ဖြစ်ပါသည် -

(കക) ပစ္စည်းများဝယ်ယူခြင်းနှင့် အသုံးစရိတ်များကျခံသုံးစွဲခြင်း

(ခခ) ရငွေများကောက်ခံခြင်း၊ ပေးသွင်းခြင်းနှင့်ထိန်းသိမ်းခြင်း

(ဂဂ) ငွေလက်ကျန်၊ ကုန်ပစ္စည်းလက်ကျန်၊ မြီစားလက်ကျန် များအား စာရင်းရေးသွင်းထိန်းသိမ်းခြင်း

(ဃဃ) မတည်ငွေရင်း၊ ရင်းနှီးမြှုပ်နှံမှုများ၊ အစုရှယ်ယာများထည့်ဝင်ခြင်း

(ငင) လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ၊ လက်ငင်းရပိုင်ခွင့်များအား ကိုင်တွယ်ထိန်းသိမ်းခြင်း

(စစ) လက်ငင်းမဟုတ်သော ပေးရန်တာဝန်နှင့် လက်ငင်းပေးရန်တာဝန်များအားဖော်ပြခြင်း

(ဆဆ) အခွန်ပေးဆောင်ခြင်း

(ဓဓ) အမြတ်ဝေစုများခွဲဝေပေးခြင်း၊ ဒါရိုက်တာဆုကြေးခွဲဝေပေးခြင်း

(ဈဈ) နိုင်ငံတော်သို့ထည့်ဝင်ငွေပေးသွင်းခြင်း (ကိုယ်ပိုင်ဘဏ္ဍာ ရန်ပုံငွေဖြင့် ရပ်တည်ဆောင်ရွက်သော အစိုးရဌာနအဖွဲ့အစည်းများ)

(ညည) အရေးကြီးသည့် ထုတ်ဖော်တင်ပြချက်များ (Disclosures)

(၂) စာရင်းစစ်အစီအစဉ် ရေးဆွဲရာတွင် ISA 300–Planning an audit of Financial Statements/ MSA 300–Planning an audit of Financial Statements ၊ ISA 320 – Materiality in planning and reporting an audit / MSA 320– Audit Materiality တို့နှင့်အညီ ဆောင်ရွက်ရပါမည်။

(၃) စစ်ဆေးသူများသည် Engagement Letter ပေးပို့ရာတွင် ISRS 4400– Engagements To Perform Agreed–Upon Procedures Regarding Financial Information / ISA 210–Agreeing The Terms of Audit Engagements / MSA 210–Terms of Audit Engagements တို့နှင့်အညီ ဆောင်ရွက်ရပါမည်။

(၄) စစ်ဆေးသူများသည် International Standards on Auditing (ISA)/ Myanmar Standards on Auditing (MSA) တို့နှင့်အညီ စစ်ဆေးရန်လိုအပ်ပြီး စစ်ဆေးရမည့် အချက်အလက်များအတွက် ပြည့်စုံလုံလောက်သောနမူနာပမာဏရွေးချယ်စစ်ဆေးရန်၊ စစ်ဆေးရေးအစီအစဉ် ရေးဆွဲရာတွင် အန္တရာယ် (Risk) ကို သေချာစွာစိစစ်သုံးသပ်ရန်၊ နှစ်ချုပ်စာရင်းတွင် မသမာမှုများနှင့် မှားယွင်းဖော်ပြမှုများဆိုင်ရာဖော်ပြချက်များ အန္တရာယ် (Risk)ကို လွှမ်းခြုံသုံးသပ်ဖော်ပြရန်၊ အရေးပါသော မှားယွင်းဖော်ပြချက်များ (Material Misstatement) အား စစ်ဆေးဖော်ထုတ်ရန်၊ စစ်ဆေးရာတွင် ISA 240 –The auditor's responsibilities relating to fraud in an audit of financial statements/ MSA 240 –The auditor's responsibility to consider fraud in an audit of financial statements, ISA 250 – Consideration of Laws and Regulations in an audit of financial statements/ MSA 250 – Consideration of Laws and Regulations in an audit of financial statements, ISA 260 –The auditor's responsibilities to communicate with those charged with

governance in an audit of financial statements/ MSA 260 – Communication of audit matters with those charged with governance, ISA 265–Communicating Deficiencies in internal control to those charged with governance and management, ISA 330 – The auditor's procedures in response to assessed risks/ MSA 330 – The auditor's procedures in response to assessed risks တို့နှင့် အညီ စစ်ဆေးဆောင်ရွက်ရန်၊

(၅) ကုမ္ပဏီသည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးနှင့်ချုပ်ဆိုထားသည့်/ ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်များတွင်ပါရှိသည့် ဆောင်ရွက်ရမည့်အချက်များ ကို လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ၊ တားမြစ်ကန့်သတ်ချက်များ ကို လိုက်နာ ဆောင်ရွက်ခြင်းရှိ၊ မရှိ ၊ ကုမ္ပဏီအနေဖြင့် လိုက်နာဆောင်ရွက်ရန် အကျုံးဝင် သည့် နိုင်ငံတော်မှထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးဖော်ပြရမည်ဖြစ်ပါသည်။ (ကုမ္ပဏီတွင် ချုပ်ဆိုသည့် စာချုပ်များ/ ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်များ ပြည့်စုံစွာမှတ်တမ်းတင်ထားခြင်းရှိ၊ မရှိ စစ်ဆေးရန်နှင့် ထိုမှတ်တမ်းမထား ရှိသေးပါက ဖွင့်လှစ်ထားရှိရေးကို အကြံပြုရန်)

(၆) ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်းများ အတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အခန်း(၂၄)ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ထားခြင်းရှိ မရှိ စစ်ဆေးဖော်ပြပေးရမည်။

(၇) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော် ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း များအလိုက် ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေများ၊ အစိုးရဌာန၊ အဖွဲ့အစည်း များ လိုက်နာရမည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထား ခြင်းရှိ၊ မရှိ စစ်ဆေးဖော်ပြပေးရမည်။

(၈) ပြည်ပချေးငွေ/ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ စစ်ဆေးရာတွင် ချေးငွေ/ ထောက်ပံ့ငွေ သဘောတူစာချုပ်များ သက်ဆိုင်ရာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်း/ချေးငွေ/ထောက်ပံ့ငွေပေးသည့် အဖွဲ့အစည်း၊

နိုင်ငံအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသည့် Guidelines များ၊ စီမံကိန်း၊ ဘဏ္ဍာရေးဆိုင်ရာ လက်စွဲများ၊ စီမံကိန်း၊ စီမံခန့်ခွဲမှုဆိုင်ရာလက်စွဲများ စသည်တို့နှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးရမည်။

(၉) အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် အခြားသက်ဆိုင်ရာ တည်ဆဲဥပဒေများအပေါ် လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ခ) အစီရင်ခံခြင်း

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၂၈၂ ပါ အချက်များနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာအကျဉ်း (Short Form Audit Report) ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ပေးပို့ရန်၊ အစီရင်ခံစာအကျဉ်းတွင် စစ်ဆေးရသည့် ကုမ္ပဏီ/စီမံကိန်း၏ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲရာတွင် လိုက်နာကျင့်သုံးရသည့် စာရင်းကိုင်စံများ၊ စစ်ဆေးသူများလိုက်နာကျင့်သုံးသည့် စစ်ဆေးရေးစံများကို ဖော်ပြပေးရန်၊ စာရင်းစစ်အစီရင်ခံစာအကျဉ်းအား ISA 700 –Forming an opinion and reporting on financial statements/ MSA 700 –The independent auditor’s report on a complete set of general purpose financial statements ၊ ISA 705 – Modifications to the opinion in the independent auditor’s report တို့နှင့်အညီ ရေးသား ထုတ်ပြန်ရန်၊

(၂) အဆိုပါ စာရင်းစစ်အစီရင်ခံစာအကျဉ်းအပြင် ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာ အခြေအနေ၊ မတည်ငွေရင်းအခြေအနေအပေါ် စိစစ်သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ ပါဝင်သည့် အသေးစိတ်အစီရင်ခံစာ (Detailed Report) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ သီးခြားပေးပို့ရန် –

(ကက) နှစ်ချုပ်စာရင်းများစစ်ဆေးမှုနှင့် စပ်လျဉ်း၍ စစ်ဆေးသူများအနေဖြင့် လေ့လာစိစစ်အကဲဖြတ်ခဲ့သည့် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ အခြေအနေများနှင့် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်သည် သက်ဆိုင်ရာစစ်ဆေးရသည့် ကုမ္ပဏီ/စီမံကိန်း လုပ်ငန်းဆောင်တာ

အခြေအနေများ ပိုမိုထိရောက်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပေးနိုင်ခြင်း ရှိ၊ မရှိ၊ မသမာမှု၊ အလွဲသုံးစားမှုများ ဖြစ်ပေါ်နိုင်ခြေများကိုတားဆီး/ဟန့်တားနိုင်သည့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ အစီအမံများ စနစ်တကျချမှတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စသည့် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်၏ အားကောင်းခိုင်မာမှု အခြေအနေများအတွက် စာရင်းစစ်၏ သုံးသပ်ချက်နှင့် အကြံပြုချက်များ၊ (ရှိပါကဖော်ပြပေးရန်)

(ခခ) နှစ်ချုပ်စာရင်းပါ Statement of Financial Position ၊ Statement of Profit and Loss and other Comprehensive Income၊ Statement of Cash Flows ၊ Statement of Changes in Equity နှင့် Notes to the Financial Statement တို့အား ယခင်နှစ်၏ အခြေအနေများနှင့် နှိုင်းယှဉ်စိစစ် သုံးသပ်ချက်များ၊

(ဂဂ) သရုပ်ခွဲစိစစ်လေ့လာမှုအရ တွေ့ရှိရသော ထူးခြားသည့်အပြောင်းအလဲ၊ အတိုးအလျော့များအပေါ် စာရင်းစစ်၏ သုံးသပ်ချက်နှင့် အကြံပြုချက်များ၊ (ရှိပါက ဖော်ပြပေးရန်)

(ဃဃ) စာရင်းထိန်းသိမ်းထားသိုပုံ နည်းစနစ်များအပါအဝင် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်လာစေရေးအတွက် စာရင်းစစ်၏ အကြံပြုချက်များ၊ (ရှိပါက ဖော်ပြပေးရန်)

(ငင) ကုမ္ပဏီ၏ Profitability အပိုင်းနှင့် Liquidity အပိုင်းတို့ကို စိစစ်သုံးသပ်၍ ယင်းလုပ်ငန်းအနေဖြင့် ရေရှည်ဆက်လက်ရပ်တည်နိုင်စွမ်း (Going Concern) အခြေအနေတို့အပေါ် စိစစ်သုံးသပ်ချက်၊

(စစ) ကုမ္ပဏီသည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ်တွင်ပါရှိသည့် ဆောင်ရွက်ရန်အချက်များနှင့်အညီ ဆောင်ရွက်မှုမရှိသည့်အချက်များ၊ နိုင်ငံတော်အစိုးရက သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေကို ချိုးဖောက်ကျူးလွန်ကြောင်း တွေ့ရှိရသည့်အချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(ကုမ္ပဏီအသင်းအဖွဲ့မှတ်တမ်း၊ အသင်းအဖွဲ့စည်းမျဉ်းများ) နှင့်အညီ ဆောင်ရွက်မှုမရှိသည့်အချက်များ၊ နိုင်ငံတော်အစိုးရသို့

ပေးဆောင်ရမည့် အခွန်များ၊ ပေးရန်တာဝန်များ၊ သဘောတူစာချုပ်အရ ထည့်ဝင်ရမည့် အစုရှယ်ယာများ၊ ခွဲဝေပေးရမည့် အမြတ်ဝေစုများအတွက် စိစစ်တွေ့ရှိချက်များ၊

(ဆဆ) Disclosures ရှိသင့်သည့် အခြေအနေများ ပါဝင်မှု ရှိ၊ မရှိနှင့် Disclosures များနှင့် စပ်လျဉ်း၍ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ အပေါ် စိစစ်သုံးသပ်ချက်၊

(ဇဇ) သဘောတူစာချုပ်၊အသင်းအဖွဲ့မှတ်တမ်းများပါအတိုင်း အစုရှယ်ယာများအား ပုံမှန်ခွဲဝေပေးခြင်းမရှိသည့် အခြေအနေများ၊

(ဈဈ) ဒါရိုက်တာများ၏အစည်းအဝေးများ ၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအခန်း (၁၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ မရှိ ဖော်ပြပေးရန်၊

(ညည) ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ခွင့်မရှိသည့်လုပ်ငန်း (သို့မဟုတ်) ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ထားခြင်းရှိ မရှိဖော်ပြရန်၊ ဆောင်ရွက်ထားပါက ဆောင်ရွက်ထားသည့် လုပ်ငန်းအမျိုးအမည်နှင့် ထိုသို့ဆောင်ရွက်ခြင်းကြောင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာအခြေအနေနှင့်ဘဏ္ဍာရေးအခြေအနေအပေါ် အကျိုးသက်ရောက်မှုကိုဖော်ပြရန်၊

(ဋဋ) လုပ်ငန်းနှင့် မသက်ဆိုင်သောစရိတ် သို့မဟုတ် ဆုံးရှုံးမှုတစ်ရပ်ရပ်ကို ကုမ္ပဏီ၏စာရင်းတွင် ထည့်သွင်းကျခံထားခြင်း ရှိမရှိဖော်ပြရန်၊ ရှိပါက ထိုစရိတ် သို့မဟုတ် ဆုံးရှုံးမှု၏ သဘောသဘာဝနှင့် အတိုင်းအတာကို ဖော်ပြရန်၊

(ဌဌ) ကုမ္ပဏီများအနေဖြင့် အရှုံးပေါ်ပေါက်နေပါက အရှုံးဖြစ်ပေါ်ရသည့် အကြောင်းအရင်းများအား သုံးသပ်ဖော်ပြရန်နှင့် အရှုံးလျော့နည်းစေနိုင်မည့် နည်းလမ်းများ အကြံပြုသုံးသပ် ဖော်ပြပေးရန်၊

(ဍဍ) ပြည်ပချေးငွေ/ထောက်ပံ့ငွေစီမံကိန်းများ နှင့်စပ်လျဉ်း၍ Loan Agreement/ Grant Agreement များ Work Plan နှင့်အညီ ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းရည်ရွယ်ချက်အတိုင်း သုံးစွဲမှုရှိ၊ မရှိအခြေအနေများ၊ ပြည်ပချေးငွေ /ထောက်ပံ့ငွေများအား

အကျိုးထိရောက်စွာ သုံးစွဲနိုင်ခြင်း ရှိ၊ မရှိစသည်များကို စိစစ်သုံးသပ်ဖော်ပြရန်၊

(ဃဃ) ပြည်ပချေးငွေ၊ထောက်ပံ့ငွေစီမံကိန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်း(သို့) Loan Provider ၏ လိုအပ်ချက်နှင့်အညီ ရေးဆွဲအတည်ပြုထားသော Audit Term of Reference (TOR) ပါ အချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ရန်နှင့် စီမံခန့်ခွဲမှု အကြောင်းကြားစာ (Management Letter –ML) ပေးပို့ရန် (လိုအပ်ပါက)

(ဏဏ)အောက်ပါအကြောင်းအရာများအတွက် စီမံကိန်းများ (Projects) များ၏ ဘတ်ဂျက်ဆိုင်ရာ လုပ်ဆောင်ချက်များ ကောင်းမွန်မှု ရှိ၊ မရှိ စိစစ်သုံးသပ် ဖော်ပြပေးရန်-

- Budgetary items
- Allocations
- Actual expenses
- Total differences
- Percentage differences
- Reasons for the differences

(တတ) စာရင်းစစ်အစီရင်ခံစာပါသုံးသပ်ချက်၊အကြံပြုချက်တို့အပေါ် ကုမ္ပဏီ၏ စီမံခန့်ခွဲသူများက လိုက်နာပြုပြင်ဆောင်ရွက်ရမည့်အချက်များ၊

(ထထ) ယခင်နှစ်စာရင်းစစ်အစီရင်ခံစာပါ အကြံပြုချက်အပေါ် လိုက်နာဆောင်ရွက်မှု၊ ပြီးစီးမှုအခြေအနေများ ဖော်ပြပေးရန်၊

(ဒဒ) စာရင်းစစ်အနေဖြင့် ဖြည့်စွက်ရေးသားသင့်သည်ဟု ထင်မြင်ယူဆသည့် အခြားတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များ၊ (ရှိပါကဖော်ပြပေးရန်)

(ဓဓ) စာရင်းများအား စတင်စစ်ဆေးသည့်နေ့ရက်၊ ပြီးဆုံးသည့်နေ့ရက်၊ အလုပ်လုပ်ရက်၊ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်အမည် စာရင်းများ စစ်ဆေးမှုမှတ်တမ်းအဖြစ်ဖော်ပြရန်၊

(၃) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ယင်းတို့၏ ဥပဒေ၌ မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုကိုခံယူနိုင်ကြောင်း ပြဋ္ဌာန်းပါရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)၏ စာရင်းများကိုစစ်ဆေးရာတွင် အထက်စာပိုဒ်ခွဲငယ်(၂) စာပိုဒ်ခွဲစိတ်(ကက မှ ဆဆ)ထိ၊ (ဋဋ မှ ဌဌ )ထိ၊ (တတ မှ ဓဓ) ထိပါ အချက်များနှင့်အညီ ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အလိုက် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ဥပဒေများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်းများအလိုက် ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများလိုက်နာရမည့် တည်ဆဲဥပဒေ၊နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်းရှိ၊ မရှိ စစ်ဆေးဖော်ပြပေးရန်။

၄။ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများက ပေးပို့လာသည့် စာရင်းစစ် အစီရင်ခံစာအားစိစစ်ရာတွင် စာရင်းစစ်၏ စစ်ဆေးဆောင်ရွက်မှုအတိုင်းအတာနှင့် ရရှိထားသည့် အထောက်အထားများ၏ ခိုင်လုံမှုအဆင့်အတန်းကို တွက်ဆနိုင်ရေးအတွက် စာရင်းစစ်ထံ မေးခွန်းလွှာ (Questionnaire) ပေးပို့မေးမြန်းခြင်း (သို့မဟုတ်) စာရင်းစစ်လုပ်ဆောင်မှုစာတွဲများ (Audit Workpapers)ကြည့်ရှုစိစစ်ခြင်းတို့ကို လိုအပ်ပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနရှိ ဌာနခွဲများမှ ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ ဤရုံးမှ ထုတ်ပြန်ထားသည့် ၂၂-၅-၁၉၉၈ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၉၈၊ ၈-၁၁-၂၀၁၁ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/ ၂၀၁၁ တို့အား ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်(ကိုယ်စား)
(နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်)

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များ

ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံး

(အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းလုပ်ကိုင်သူများသို့ ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်)

စာအမှတ်၊ လငစ/ညွှန်ကြားချက်/(၇/၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်

မိတ္တူ

ပြည်ထောင်စုစာရင်းစစ်ချုပ်စာတွဲ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်များ

အမြဲတမ်းအတွင်းဝန်

ညွှန်ကြားရေးမှူးချုပ်၊ စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ရုံးလက်ခံ

မျှော